# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး

## (၁၅) ရက်မြောက်နေ့ အစီအစဉ်

## [ ၅–၉–၂၀၁၈ ] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမ ပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း–

(က) ဦးစိန်ဟန်၊ ကံမ မဲဆန္ဒနယ်၏ **ကံမမြို့နယ် မြို့နယ်သမဝါယမအသင်း လီမိတက်သည် နိုင်ငံတော်မှ ချေးပေးသော သမဝါယမအသင်း ငွေချေး လုပ်ငန်းအပြင် ဥပဒေ၊ နည်းဥပဒေများနှင့်မညီသော ဆိုင်ခန်း၊ အိမ်ခန်း ငှားစားနေခြင်းကို ကွင်းဆင်းစစ်ဆေးရန်နှင့် ဥပဒေနှင့် မညီညွတ်ပါက မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းစန်သိန်း၊ မိုးနဲ မဲဆန္ဒနယ်၏ **မိုးနဲမြို့နယ်အတွင်းရှိ နမ့်တွန်ချောင်း၊ နမ့်စလိုင်ချောင်း၊ နောင်အွန်ချောင်း၊ နောင်ကျော့အင်းနှင့် လွိုင်စယ် အင်းများအား အချိန်မီ ချဲ့ထွင်တူးဖော်ရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်နန်းခမ်းအေး၊ နမ္မတူ မဲဆန္ဒနယ်၏ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တည်ဆောက်မှုလုပ်ငန်းများအတွက် မည်သည့် လမ်းညွှန်မှုဖြင့် တင်ဒါခေါ်ယူဆောင်ရွက်နေပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လမ်းညွှန်မှုများ ခွဲခြားထားခြင်း ရှိ၊ မရှိ၊ တင်ဒါခေါ်ယူအောင်မြင်ပြီးသော လုပ်ငန်းသုံး ပစ္စည်းများကို လုပ်ငန်းခွင်အရောက် ပို့ဆောင်ရာတွင် မည်သူက စိစစ်လက်ခံဆောင်ရွက်နေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့၊ ဦးပိုင်အမှတ် (၁၁၈/ခ)မြေကွက်သည် မြို့နယ်မြေစာရင်းဌာနတွင် မှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သည် မြေပုံမိတ္တူများကို ရရှိနိုင်ရန် လျှောက်ထားသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနက မိတ္တူထုတ်ပေးရန် တာဝန်ရှိသော်လည်း မည်သည့်အတွက် လိုက်နာခြင်း မပြုသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နယ်၊ အင်ဒိုင်းအုပ်စု၊ ရန်ငြိမ်းအောင်ကျေးရွာနေ ပြည်သူများအတွက် လယ်ယာမြေ ဖော်ထုတ်လုပ်ကိုင်ခွင့် ရရှိရန်စီမံဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးတင်အေး၊ မက်မန်း မဲဆန္ဒနယ်၏ **ခရိုင် (သို့မဟုတ်) မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး အဆောက်အဦနှင့် ခရိုင် (သို့မဟုတ်) မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး အဆောက်အဦတို့ကို ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာသော **"မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"စာပေနှင့် အနုပညာမူပိုင်ခွင့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ဦးတင်မောင်ဝင်း၊ ဆိပ်ကမ်း မဲဆန္ဒနယ်က တင်သွင်းသည့် **"ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေး ဝမ်းကျောင်းပညာရေးနှင့် သင်တန်း(Technical and Vocational Education and Training(TVET)ကို မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စက်မှုလက်မှုအထက်တန်းကျောင်း (Technical High School)၊ အစိုးရ စက်မှုလက်မှုသိပ္ပံ (Government Technical Institute)၊ နည်းပညာတက္ကသိုလ် (Technical University)တို့ကို တိုးချဲ့ဖွင့်လှစ်သင်ကြားနေရာ တိုင်းပြည်အတွက် အမှန်တကယ် လိုအပ်နေသော ကျွမ်းကျင်လုပ်သားများ (Skilled Workers)၊ ကျွမ်းကျင်ပညာရှင်များ (Technicians)၊ အင်ဂျင်နီယာပညာရှင်များ (Engineers) တို့၏ လိုအပ်သော အရေအတွက်ကို သုတေသန ပြုလုပ်ပြီးမှသာလျှင် သင့်လျော်သောမူဝါဒနှင့် နည်းဗျူဟာ**

**(Appropriate Policy & Strategy) များ ချမှတ်ရေးဆွဲ၍ ဆောင်ရွက်သင့်ပါကြောင်း ကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း”** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ခ) ဦးမောင်မြင့်၊ မင်းကင်း မဲဆန္ဒနယ်၊

(ဂ) ဦးအုန်းခင်၊ ပုလော မဲဆန္ဒနယ်၊

(ဃ) ဦးစိုင်းဦးခမ်း၊ သိန္နီ မဲဆန္ဒနယ်၊

(င) ဦးအောင်သိုက်၊ ဆိပ်ဖြူ မဲဆန္ဒနယ်၊

(စ) ဒေါ်ခင်နှင်းသစ်၊ ပန်းတောင်း မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒဂုံ မဲဆန္ဒနယ်၊

(ဇ) ဒေါ်ယဉ်မင်းလှိုင်၊ ဂန့်ဂေါ မဲဆန္ဒနယ်၊

(ဈ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၊

(ည) ဒေါက်တာဒေါ်ခင်ညို၊ ဒေးဒရဲ မဲဆန္ဒနယ်၊

(ဋ) ဦးမျိုးနိုင်၊ ချမ်းအေးသာစံ မဲဆန္ဒနယ်၊

(ဌ) ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၊

(ဍ) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၊

၁၁။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။